**ကရင်အမျိုးသမီးအစည်းအရုံး (KWO)**

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ တရားဝင်<br>သတင်းစကား

၂၀၂၁ ခုနှစ် နိုင်ဝင်ဘာလ ၂၅ ရက်။

## “အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်ရန်နှင့် မတရားမှုများအား တိုင်ကြားရန် သတ္တိရှိခြင်း”

ယနေ့ နိုင်ငံတကာပြက္ခဒိန်ပေါ်တွင် အရေးကြီးသည့် နေ့ရက်တစ်ရက်ဖြစ်သည်။ ကမ္ဘာတစ်လွှားက လူများကိုဆိတ်ငြိမ်စွာ ခေတ္တ မတ်တပ်ရပ်ပြီး နေ့စဉ် အမျိုးသမီးများအပေါ် ကျူးလွန်နေသည့် အကြမ်းဖက်မှုများအကြောင်း နှင့် ထိုအကြမ်းဖက်မှုများ ရပ်တန့်ဖို့ မိမိတို့အားလုံး မည်သို့ လုပ်ဆောင်နိုင်မည်ကို စဉ်းစားရန် မိမိတို့ တောင်းဆိုလိုသည့် အထူးနေ့ဖြစ်သည်။ ယနေ့ မိမိတို့သည် လူတိုင်းအား မတရားမှုများအကြောင်း ထုတ်ဖော်ပြောဆိုရန် သတ္တိရှိကြရန်နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ရပ်တန့်ရန် တောင်းဆိုအပ်ပါသည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အမျိုးအစား အမျိုးမျိုးရှိပြီး အမျိုးသမီးများစွာ ထိုအကြမ်းဖက်မှုများနှင့်အတူ နေ့စဉ်ရှင်သန်ခဲ့ရသည်။ အမျိုးသမီးများ ရင်ဆိုင်နေရသည့် ဖြစ်လေ့အရှိဆုံးနှင့် အပြင်းထန်ဆုံး အကြမ်းဖက်မှုများအနက် နှစ်ခုမှာ–

၁။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းနှင့် မုဒိန်းမှု၊

၂။ အိမ်တွင်းအကြမ်းဖက်မှု တို့ဖြစ်သည်။

ယနေ့ မိမိတို့၏ မျှော်လင့်ချက်သည် မိမိတို့အားလုံး အတူတကွ အကြမ်းဖက်မှုများ ရပ်တန့်သွားအောင် လုပ်ဆောင်ရန် ဖြစ်သည်။ မိမိတို့အနေဖြင့် တာဝန်ယူခြင်းနှင့် လုပ်ဆောင်မှုများရှိလျှင် ရပ်တန့်နိုင်ပါသည်။ မိမိတို့အနေဖြင့် တာဝန်ယူခြင်းနှင့် လုပ်ဆောင်မှုများရှိလျှင် ရပ်တန့်နိုင်ပါသည်။ မိမိတို့အနေဖြင့် အကူအညီမဲ့ နှင့် မျှော်လင့်ချက်မဲ့ အဖြစ် မခံစားသင့်ပါ။ အကြမ်းဖက်မှုအကြောင်း မိမိတို့ ထုတ်ဖော်ပြောသည့်အခါ တာဝန်ခံမှုကို ဖြည့်စည်းရန်၊ ကျူးလွန်ခံရသူကို ကာကွယ်ရန်အတွက် လက်တွေ့ကျကျ တစ်စုံတစ်ခု ပြုလုပ်ရန် နှင့် ကျူးလွန်သူများမှ ချိုးဖောက် ကျူးလွန်ခဲ့သော ဖြစ်မှုများ တာဝန်ခံမှု ရှိလာစေရန်အတွက် စည်းရုံးလှုံ့ဆော်ရန် တာဝန်ရှိသည်။ သို့ရာတွင် အမျိုးသမီးတစ်ဦး အကြမ်းဖက်မှုကို ခံစားနေရသည်ကို သင်မြင်တွေ့ရပါက နှုတ်ဆိတ်မနေရန် ယနေ့ ကရင်အမျိုးသမီးအစည်းအရုံး(KWO)မှ သင်တို့အား တိုက်တွန်းအပ်ပါသည်။

သင်သည် တာဝန်ရှိသည့် နေရာ တစ်နေရာတွင် ရှိနေပါက သင့်တာဝန်ကို လုပ်ဆောင်ပါ။ သင်သည် ချိုးဖောက် ကျူးလွန်ခံရသူဖြစ်စေ၊ သို့မဟုတ် သင်မိတ်ဆွေ သို့မဟုတ် အိမ်နီးချင်း သို့မဟုတ် လူထုခေါင်းဆောင်တစ်ဦး ဖြစ်စေ ဖြစ်ခဲ့ပါက သင်ထုတ်ဖော်ပြောကြားသည့်အခါ မိမိတို့ အတူတကွ အပြောင်းအလဲကို လုပ်ဆောင်နိုင်ပါသည်။ မိမိတို့အားလုံးသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရပ်တန့်စေနိုင်သည်။

အကြမ်းဖက်မှုပုံစံများတွင် အိမ်တွင်းအကြမ်းဖက်မှုသည် အများဆုံးတွေ့ရသည်။ ၎င်းတို့သည် အမျိုးသမီးများခံစားနေရသည့် အခြားသော အကြမ်းဖက်မှုပုံစံများနှင့် ဆင်တူသော်လည်း ဖြစ်ပွားပုံမှာ အလွန်ကြောက်စရာကောင်းသည်။ အဘယ် ကြောင့် ဆိုသော် ကျူးလွန်ခံရသူနှင့် ကျူးလွန်သူတို့မှာ တစ်အိမ်တည်းနေထိုင်သောကြောင့်ဖြစ်သည်။ ဤသို့သောအိမ်တွင် မိမိတို့သည် အိမ်တွင်းအကြမ်းဖက်မှု၏ အဓိက သွင်ပြင်လက္ခဏာ(၄)ရပ်ကို တွေ့မြင်နိုင်သည်။

- အနိုင်ကျင့်မှုနှင့် အကြမ်းဖက်မှု အပြုအမူရှိသည်။
- ထို့နောက် လင်ယောကျ်ားနှင့် ဇနီးမယားအကြား ဆက်ဆံရေး (ဆိုလိုသည့်မှာ လိင်ဆက်ဆံမှု)ဖြစ်သည်။
- ထို့နောက် အချိန်ကြာမြင့်စွာ ပုံစံတကျ (သို့မဟုတ်) စနစ်တကျ အနိုင်ကျင့်မှုဖြစ်သည်။
- ထို့နောက် အနိုင်ကျင့်မှု ချိုးဖောက်ကျူးလွန်သူ၏ ရည်ရွယ်ချက်သည် အမျိုးသမီးအပေါ် ထိန်းချုပ်လိုသောကြောင့် ဖြစ်သည်။

"အိမ်တွင်းအကြမ်းဖက်မှု" သည် လူအများခေါ်ဆိုနေသော "မိသားစုတွင်း အကြမ်းဖက်မှု" နှင့် မတူပဲ ၎င်းတို့သည် "ကလေး အပေါ် အနိုင်ကျင့်မှု" နှင့်လည်း မတူပါ။ ၎င်းတို့သည် မတူညီသော အကြမ်းဖက်မှု အမျိုးအစားများ ဖြစ်ကြသည်။ အိမ်တွင်း အကြမ်းဖက်မှုမှာ အထူးအကြမ်းဖက်မှု တစ်ခုဖြစ်သည်။ ၎င်းတို့သည် လင်ယောကျ်ားက အချိန်ကာလရှည်ကြာစွာ သူ၏ဇနီးမ ယားကို ထိန်းချုပ်နိုင်ရန် အကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုကို အသုံးပြုခြင်းဖြစ်သည်။ ထို့ပြင် မကြာခဏပင် လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းလေ့ရှိသည်။ အိမ်အတွင်းသာ တိတ်တဆိတ် ထိမ်းသိမ်းထားလေ့ရှိသည်။ အမျိုးသမီးအများစုသည် ကြောက်ရွံ့ပြီး အိမ်တွင်းအကြမ်းဖက်မှု ချိုးဖောက်သော လင်ယောကျ်ားနှင့်အတူ နေ့စဉ် နေထိုင်ကြရသည်။ ဤအိမ်တွင်အကြမ်းဖက်မှု အမျိုး အစားများကို သင်၏အိမ်နီးနားချင်းတွင်လည်း တွေ့ဖူးမည်ဖြစ်သည်။ သင်ကိုယ်တိုင်လည်း အိမ်တွင်းအကြမ်းဖက်မှု အတွေ့ အကြုံ ရှိကောင်းရှိနိုင်သည်။

လင်ယောကျ်ားနှင့် ဇနီးမယားတိုင်း၏ ဆက်ဆံရေးသည် ဤသို့မဟုတ်သည်မှာ သေချာပါသည်။ ရင်းနှီးသောဆက်ဆံရေး အများအပြားသည် ကောင်းမွန်ပြီး လင်ယောကျ်ားနှင့် ဇနီးမယားတို့ကြား တစ်ဦးနှင့်တစ်ဦး တန်းတူညီမျှ ဆက်ဆံပြီး အာဏာ များကို ဝေမျှကြသည်။ ကောင်းမွန်သော ဆက်ဆံရေးများသည် တစ်ခါတရံ သဘောထားမတိုက်ဆိုင်မှုများ သို့မဟုတ် ငြင်းပွား မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ယင်းတို့သည် ဘဝ၏ ပုံမှန်အစိတ်အပိုင်းဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုသည် မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ သင့်လျော်သော အခန်းကဏ္ဍ ဟု ထင်မြင်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျပြီး တန်းတူမဟုတ်သည် ဟု အချို့အမျိုးသားများ ယုံကြည်ကြသည်။ အမျိုးသမီးများသည် အမျိုးသားများ၏ ထိန်ချုပ်မှုအောက်တွင်ရှိပြီး၊ အမြဲအစေခံ ပြီး နာခံရမည်ဟု အချို့ အမျိုးသားများ ယူဆကြသည်။ ထို့ကြောင့် ဇနီးမယားသည် ထိုလင်ယောကျ်ား၏ အလိုဆန္ဒအတိုင်း မပြုလုပ်သည့်အခါတွင် ရန်လိုသည့်လင်ယောကျ်ားသည် အကြမ်းဖက်မှုကို အသုံးချပြီး အချိန်ကြာလာသည်နှင့်အမျှ သူသည် ဇနီးမယားအပေါ် ချုပ်ကိုင်လာနိုင်သည်။

ယနေ့ မိမိတို့အနေဖြင့် အမျိုးသားနှင့်အမျိုးသမီးများကြား တန်းတူညီမျှမှုကို မြင်တွေ့လိုသည်။ မိမိတို့သည် အိမ်တွင်းအကြမ်း ဖက်မှု သို့မဟုတ် မုဒိန်းမှုနှင့်လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု သို့မဟုတ် အမျိုးသမီးများအပေါ် မည်သည့်အကြမ်းဖက် မှုမျိုးမဆို နှုတ်ဆိတ်မနေကြရန် လူတိုင်းအား တိုက်တွန်းအပ်ပါသည်။ ၎င်းတို့သည် ဖြစ်ပွားမှုများပြားပြီး အခြေအနေဆိုးနေ သည်။ ထို့အပြင် ရာဇဝတ်မှုလည်း ဖြစ်သည်။ မိမိတို့ ကရင်အသိုင်းအဝန်း၏ ယဉ်ကျေးမှုတွင် အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုကို လက်မခံနိုင်ပါ။ ၎င်းတို့သည် မိမိတို့ အိမ်တွင်းတွင် မှန်ကန်နေသည်နှင့် လူမှုအသိုင်းအဝိုင်း၏ အဆင့်တိုင်းတွင် မှန် ကန်နေသည်ကို ပြသပါ။ မိမိတို့သည် အနိုင်ကျင့်မှုများ လက်မခံကြောင်း ပြသပါ။ ထုတ်ဖော်ပြောဆိုရန် သတ္တိရှိပါ။ နှုတ် ဆိတ်နေပြီး လျစ်လျူမရှုပါနှင့်။ ထိုအနိုင်ကျင့်မှုများ ချိုးဖောက်သော အမျိုးသားများအား သင့်ကိုလုပ်လို့ရသည်ဟု မယူဆပါ စေနှင့်။ သို့မဟုတ် ဂရုမစိုက်ပဲ မနေပါနှင့်။

သင်သည် အိမ်နီးချင်း၊ သို့မဟုတ် မိသားစုဝင် သို့မဟုတ် မိတ်ဆွေ သူငယ်ချင်း သို့မဟုတ် ခေါင်းဆောင်တစ်ဦးဖြစ်စေ တိုင်ကြားနိုင်သည်။ လူသိရှင်ကြားဖြစ်အောင် ထုတ်ဖော်နိုင်သည်။ သင်သည် ထိုအမျိုးသားအား သူ၏ အပြုအမူနှင့် ပတ်သက်၍ စကားပြောနိုင်သည်။ သင်သည် အကြမ်းဖက်မှုကို ဒေသန္တရ လုံခြုံရေးအဖွဲ့ သို့မဟုတ် ကရင်အမျိုးသမီးအစည်းအရုံး (KWO)သို့ တိုင်ကြားနိုင်သည်။ သင်သည် အကြမ်းဖက်မှု တစ်မျိုးမျိုး ကျူးလွန်ခံရသူဖြစ်ပါက ဘေးကင်းသော နည်းလမ်းကိုရှာပြီး ကရင်အမျိုးသမီးအစည်းအရုံး( KWO)၊ ဒေသန္တရလုံခြုံရေးကို လာရောက်တိုင်ကြားနိုင်သည်။ မိမိတို့သည်သင့်ကို ပံ့ပိုး ကူညီမည်။

မိမိတို့သည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု အားလုံးကို ချက်ချင်းရပ်တန့်စေလိုသည်။ မိမိတို့သည် လူတိုင်း တရားမျှတမှုအတွက် ထုတ်ဖော်ပြောဆိုရန် သတ္တိရှိစေလိုသည်။